# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 7, 2019 Volume 17, Number 5


**၇.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၂၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၂/ကျပ် |
| CBM Rate | = ၁၅၁၈.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၉.၀ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၈.၇ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၉.၀ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၉.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၄၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၈၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၅၂ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၁.၄၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၇၁ကျပ် |

Source: CBM Rate. etrademyanmar.com

## တစ်လအတွင်းတစ်လီတာကို ငါးဆယ်ကျပ်အထိ တက်လာတဲ့ စက်သုံးဆီဈေး



ရန်ကုန်အထိုင်စက်သုံးဆီဈေးနှုန်းတွေက တစ်လအတွင်းမှာ တစ်လီတာကို ငါးဆယ်ကျပ်အထိ မြင့်တက်လာနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ပထမပတ်အတွင်းက အောက်တိန်းတစ်လီတာကို (၆၉၀) ကျပ်နဲ့ ဒီဇယ်တစ်လီတာကို (၈၈၀) ကျပ် ဝန်းကျင်သာရှိခဲ့ပေမယ့် ဒီကနေ့ပေါက်ဈေးတွေအရ အောက်တိန်းတစ်လီတာကို (၇၄၀)ကျပ်နဲ့ ဒီဇယ်တစ်လီတာကို ကျပ်(၉၃၀)အထိ ဖြစ်လာပါတယ်။

ဒီလိုအချိန်မျိုးမှာ စက်သုံးဆီဈေးနှုန်းက နှစ်စဉ်မြင့်တက်လာလေ့ရှိပြီး အခုနှစ်မှာလည်း သင်္ကြန်ကာလအထိ မြင့်တက်နေအုံးမယ်လို့ ဆီတင်သွင်းကြသူတွေက ခန့်မှန်းထားကြပါတယ်။ ဆီဈေးက နဲနဲချင်းဆီ ပြန်တက်နေတာ ဟုတ်ပါတယ်။ သွင်းလာတဲ့ဈေးကလည်းတက်နေကြောင်း ရန်ကုန်မြို့ စက်သုံးဆီရောင်းချသူတစ်ဦးကဆိုသည်။

ရေနံဓါတုပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် နေ့စဉ်စက်သုံးဆီဈေးနှုန်းများ၏ ပြည်တွင်းနှင့်ပြည်ပ ကွာခြားချက်ကို စောင့်ကြည့်လျှက်ခြင်းဖြင့် သင့်လျော်သည့်နှုန်းထားတွင်ရှိနေစေရန် ဆောင်ရွက်နေသည်ဟုသိရသည်။

**Source:** http://www.7daydaily.com/story/151500


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## တစ်ဒေါ်လာ ၁,၅၀၅ ကျပ်သို့ ပြန်ကျ



ပြည်ပသွင်းကုန်တွင် ငွေလွှဲ ပေးပို့မှု နည်းခြင်းကြောင့် ပြည်တွင်းငွေကြေးဈေးကွက်၌ ကန်ဒေါ်လာ တန်ဖိုးကျပြီး မြန်မာကျပ်ငွေ တန်ဖိုး မြင့်တက်လာသည်။

လဆန်းရက်များတွင် ဒေါ်လာတန်ဖိုး မြင့်တက်လေ့ရှိသော်လည်း ယခုမတ်လ၌ ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းရန် ငွေလွှဲပေးပို့မှု

လျော့နည်းခြင်းကြောင့် ဒေါ်လာတန်ဖိုး အားပျော့နေခြင်းဖြစ်သည်ဟု ငွေလွှဲလုပ်ငန်းလုပ်ကိုင်သူအချို့ကပြောသည်။ ဖေဖော်ဝါရီလကုန်က အထည်ချုပ်အလုပ်သမားများ လစာပေးရန် ဒေါ်လာအဝယ်များခြင်း၊ နိုင်ငံတကာငွေကြေးစျေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းခြင်းကြောင့် ပြည်တွင်းစျေးကွက်၌ တစ်ဒေါ်လာလျှင် ကျပ် ၁,၄၉၁ ခန့်အထိ ကျဆင်းခဲ့သည်။

ထို့နောက် မတ်လဆန်းက စတင်ပြီး ပြည်တွင်းစျေးကွက်တွင် ဒေါ်လာတန်ဖိုး အနည်းငယ်ပြန်တက်သော်လည်း မတ်လ ၆ ရက်၌ တစ်ဒေါ်လာ ၁,၅၀၅ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။ ဒေလာတန်ဖိုးက သကြၤန်မတိုင်မီအထိ တန်ဖိုးကျဆင်းပြီး မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်နိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က မှန်းဆနေသည်။ နိုင်ငံခြားမှ တစ်ရက်လျှင် ဒေါ်လာ ၁၃၃ သန်းကျော် တင်သွင်းနေရသော မြန်မာနိုင်ငံတွင် ကျပ်ငွေတန်ဖိုးမြင့်တက်လာခြင်းက နိုင်ငံ့စီးပွားရေးအတွက် ကောင်းမွန်သည့်အလားအလာဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

**Source:** http://www.7daydaily.com/story/151501

## အထူးအဖွဲ့ များဖွဲ့ စည်းပြီး တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်ဆောင်ရွက်နေဟုဆို

တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် တရားမဝင် ကုန်သွယ်မှုများ တားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့များ ဖွဲ့စည်းပြီး တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်တွင် ပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦးမေးမြန်းသော မြန်မာစပါးများကို နယ်စပ်လမ်းကြောင်း များမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ပြည်ပသို့တရားမဝင်တင်ပို့နေကြခြင်းများအား ထိရောက်စွာ တားဆီးထိန်းချုပ်ရန် မည်ကဲ့သို့စီမံဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကို ယင်းကဲ့သို့ ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဦးအောင်ထူးက တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း တိုင်းဒေသကြီး / ပြည်နယ်တရားမဝင်ကုန်သွယ်မှုများ တားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍ တရားမဝင် ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်ဆောင်ရွက်သကဲ့သို့ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ကချင်ပြည်နယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန် သီးနှံတင်ပို့သည့် အဓိကလမ်းကြောင်းဖြစ်သည့် ဗန်းမော်၊ မိုးမောက်၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် စပါးများ တရားမဝင်တင်ပို့မှု မရှိစေရေးအတွက် ဗန်းမော်ခရိုင်အတွင်း မော်တော်ယာဉ်ဂိတ်၊ သင်္ဘောဆိပ်၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များရှိ အများမြင်သာတဲ့နေရာများမှာ တားမြစ်သည့်ကြော်ငြာချက်ဆိုင်းဘုတ်များ စိုက်ထူထားရှိကြောင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင်ဗန်းမော်ခရိုင်အတွင်း ပုဂ္ဂလိကမော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီ၊ ဆန်စပါးကုန်သည်အသင်း၊ ရေယာဉ်အသင်းများနှင့် လွယ်ဂျယ်မြို့တွင် ဖွင့်လှစ်ထားသည့်ဆန်၊ ပဲ၊ ပြောင်း ၊ နှမ်း၊ လယ်ယာထွက်ပစ္စည်းများ ကုန်စည်ဒိုင်တို့တွင် စပါးများတင်ပို့ရောင်းချခြင်း ခွင့်မပြုကြောင်းနှင့် သယ်ယူတင်ပို့ရောင်းချပါက အရေးယူခံရမည်ဖြစ်ကြောင်း တားမြစ်သည့် အကြောင်းကြားစာများဖြန့်ဝေ၍ မော်တော်ယာဉ်ဂိတ်၊ သင်္ဘောဆိပ်၊ ပူးပေါင်းစစ်ဆေးရေးဂိတ်တို့တွင် စိစစ်ကြပ်မတ်ဆောင်ရွက်နေကြောင်းလည်း ဦးအောင်ထူးကပြောကြားသည်။ ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးစခန်းများအား ရှောင်ကွင်းလမ်းများမှ တရားမဝင်ကုန်သွယ်မှုဆောင်ရွက်နေသည့် သတင်းများရရှိပါကလည်း လိုအပ်သလိုကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး ၊ ပြည်နယ် များတွင် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်တရားမဝင် ကုန်သွယ်မှုများတားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့ များသို့ အသိပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နေကြောင်းလည်းသိရသည်။

သို့သော်စစ်ဆေးရေးစခန်းများကို ရှောင်ကွင်းနိုင်သည့် တရားမဝင် ရှောင်ကွင်းလမ်းများ၊ တရားမဝင်နယ်စပ်ဂင်ပေါက်၊ ထွက်ပေါက်များရှိနေပြီး နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုအားနည်းတဲ့ အခြေအနေများကြောင့် စပါးမှောင်ခို တင်ပို့မှုများကို အပြည့်အဝထိရောက်စွာ ပိတ်ဆို့နိုင်ရန် အခက်အခဲရှိပါတယ်ဟု ၎င်းကဆိုသည်။ တရားမဝင် စပါး သယ်ယူခြင်းများ ဖမ်းဆီးရမိမှုအနေဖြင့် (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်မှ (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်အထိ မန္တလေး-

မူဆယ်လမ်းကြောင်းပေါ်ရှိ (၁၆) မိုင် စစ်ဆေးရေးစခန်းမှ ဖမ်းဆီးရမိမှု (၁၄) ကြိမ်တွင် စုစုပေါင်းစပါး (၁၆၄ဒသမ၇၅) တန်၊ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ ဖမ်းဆီးရမိမှု(၁၀)ကြိမ်တွင် စပါးတန်ချိန် (၆၁ဒသမ၂၉၅) တန်အား တားဆီးနိုင်ခဲ့ကြောင်းသိရသည်။

**Source:** Popular News Journal

## ငှက်ပျောဖြူစျေးနှုန်းများ အနိမ့်ဆုံးအထိ ကျဆင်း

ကျန်းမာရေး၊ လူသုံးကုန်နှင့် အလှကုန်အမည်ပေါင်း ၃၀၀ ကျော် ထုတ်လုပ်နိုင်သည့် ငှက်ပျောဖြူသည် လက်ရှိအချိန်တွင် စျေးနှုန်းများ လွန်စွာကျဆင်းနေပြီး စျေးကွက်ပိုမိုချဲ့ထွင်ရန်လိုအပ်သည်။ ငှက်ပျောဖြူစျေးနှုန်းသည် လက်ရှိတွင် တစ်ပိဿာ လျှင် တစ်သောင်းခွဲမှလေးသောင်းဝန်းကျင်ရှိသည်။ ၂၀၁၇ ခုနှစ်က တစ်ပိဿာလျှင် ကျပ်ရှစ်သောင်းကျော်အထိ စျေးရရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ငါးသောင်းသာစျေးရရှိခဲ့သည်။ ယခုနှစ်တွင်မူ အနိမ့်ဆုံးစျေးအဖြစ် တစ်သောင်းခွဲအထိ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ တင်ပို့နေတာက အဓိကက တရုတ်ပြည်ရဲ့ ယူနန်ပြည်တစ်ခုတည်းပဲ။ ယူနန်တစ်ခုတည်း မဟုတ်ဘဲ အခြားပြည်နယ်တွေပါ ပို့ဖို့အပြင် ကိုရီးယား၊ ထိုင်ဝမ်၊ သြစတြေးလျ၊ နယူးဇီလန် စတဲ့နိုင်ငံတွေကိုပါ ပို့နိုင်ဖို့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ယင်းသို့သော စျေးကျဆင်းမှုနှင့် ကြုံတွေ့နေရသော ငှက်ပျောဖြူစျေးကွက် ဖွံ့ဖြိုး တိုးတက်ရေး ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၆ ရက်က မန္တလေးမြို့တွင် ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းအပါအဝင် ငှက်ပျောဖြူစိုက်ပျိုးသော ဒေသအားလုံးမှ ထွက်ရှိသော ငှက်ပျောဖြူများ ပြည်ပတင်ပို့မှုပမာဏ မြင့်မားတိုးတက်စေရန်၊ ငှက်ပျောဖြူစိုက်ပျိုးထုတ်လုပ်သူများ လိုအပ်လျက်ရှိသော သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုများရရှိလာစေရန်၊ လုပ်ငန်းရှင်အချင်းချင်း ရင်းနှီးကျွမ်းဝင်မှုရရှိပြီး ငှက်ပျောဖြူစိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ ဖလှယ်နိုင်ရန်၊ ပြည်တွင်းပြည်ပ စျေးကွက်ပိုမို ရရှိရေးနှင့် ယှဉ်ပြိုင်မှု စွမ်းအားတိုးတက်လာစေရန်၊ ခေတ်မီထုပ်ပိုးမှုစနစ်အပါအဝင် တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ခြင်းကြောင့် စျေးကွက်ပိုမိုရရှိလာစေရန် စသည်တို့ကိုဆွေးနွေးခဲ့သည်။

ငှက်ပျောဖြူနဲ့ပတ်သက်ပြီးတော့ ပို့ကုန်မြှင့်တင်ရေးအပိုင်းက လုပ်ဆောင်နေတယ်။ အခုအနေအထားက ငှက်ပျောဖြူစျေး တွေ အတက်အကျဖြစ်တယ်။ စျေးကွက်မတည်ငြိမ်တဲ့ သဘောရှိတယ်။ ဒီပြဿနာတွေကို အစိုးရဘက်က ဖြေရှင်းလို့ ရမလား၊ ပုဂ္ဂလိက လုပ်ကိုင်ဆောင်ရွက်ရမည့် တာဝန်လား စတာတွေရှိတယ်။ ငှက်ပျောဖြူက မရောင်းရတာမဟုတ်ဘူး။ စျေးနှုန်းကျတာ။ ဘာကြောင့်ဖြစ်တာလဲ၊ သူတို့ထုတ်ကုန်အရည်အသွေး လိုအပ်ချက်ရှိလို့လား၊ ဒါမှမဟုတ် ဝယ်လိုအားနဲ့ ရောင်းလိုအား မကိုက်ညီလို့လား၊ မကိုက်ညီဘူးဆိုရင်လည်း စျေးကွက်သစ်တွေထပ်ရှာဖို့ ဘယ်လိုလုပ်ရမလဲဆိုတာ အဓိကဖော်ထုတ်တာပဲ ဖြစ်ပါတယ်ဟု ဆွေးနွေးပွဲနှင့်ပတ်သက်၍ ဦးမြင့်ဖော်ဦးကဆိုသည်။ ငှက်ပျောဖြူစိုက်ဧကအနေဖြင့် မန္တလေးတိုင်းတွင် ဧက ၁၉၀၀၀၊ အစေးထုတ်ဧက ၂၀၅၀၊ စစ်ကိုင်းတိုင်းတွင် စိုက်ဧက ၂၅၀၀၀၊ အစေးထုတ်ဧက ၁၄၀၀၊ မကွေးတိုင်းတွင် စိုက်ဧက ၂၀၀၀၀နှင့် အစေးထုတ်ဧက ၁၇၀၀၊ ပဲခူးတွင် စိုက်ဧက ၃၀၀၀၊ အစေးထုတ်ဧက ၅၀၊ ရှမ်းပြည်နယ်တွင် စိုက်ဧက ၆၀၀၀၊ အစေးထုတ်ဧက ၃၀၊ အခြားသောဒေသများတွင် စိုက်ဧက ၆၀၀၀၊ အစေးထုတ်ဧက ၇၅၀ ရှိပြီး တစ်နိုင်ငံလုံးအနေဖြင့် တစ်နှစ်လျှင် ငှက်ပျောဖြူတန်ချိန် ၁၀၀၀ ထွက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/121138.html

## နယ်စပ်သစ်သီးဝလံစျေးကွက်ချဲ့ထွင်ရေး လုပ်ငန်းရှင်များကြိုးဆို

နယ်စပ်ကုန်သွယ်ရေးတွင် အရောင်းအဝယ်ပြုလုပ်နေသော ကုန်စည်များကို ရန်ကုန်တိုင်းအတွင်း အရောင်း အဝယ်ပြုရန် စျေးကွက်ထူထောင်မည့်အပေါ် လုပ်ငန်းရှင်များအနေဖြင့် ကြိုဆိုကြောင်းသိရသည်။ နယ်စပ် ကုန်သွယ်ရေးတွင် အရောင်းအဝယ်ပြုလုပ်နေသော ကုန်စည်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း အရောင်း အဝယ်ပြု၍ ယင်းမှ တစ်ဆင့် နယ်စပ်သို့သယ်ယူသည့်ပုံစံမျိုးဖြစ်အောင် စျေးကွက်ထူထောင်ရန် ကြိုးပမ်းလျက် ရှိကြောင်း ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောဆိုခဲ့သည်။ သစ်သီးမှ မဟုတ်ပါ ဘူး၊ ကုန်သွယ်စင်တာခေါ်တာပေါ့။ လယ်ယာထွက်ကုန်တွေနဲ့ပတ်သက်တဲ့ အရောင်းစင်တာ

ခေါ်တဲ့ဟာမျိုးလုပ်တာဆိုတော့ ကောင်းပါတယ်။ ဒါက ဒေသအလိုက်လည်းရှိသင့်တာပေါ့။ နယ်စပ်က လာဝယ်တယ်၊ မဝယ်ဘူးဆိုတာတော့ သူတို့ရဲ့ ဆုံးဖြတ်ချက်နဲ့ဆိုင်တာပေါ့။ ကျွန်တော်တို့ကတော့ ဒါမျိုးရှိတာကို ကြိုဆိုတယ်။ ဖွင့်တာက ကောင်းပေမယ့် တရုတ်ဘက်က လာဝယ် မဝယ်ဆိုတာကတော့ ကျွန်တော်တို့လည်း မသိဘူး။ မူဆယ်မှာဝယ်လို့ရရင် ဝယ်မှာပေါ့။ ဖွင့်တာကတော့ကြိုဆိုရမှာပဲ။ သစ်သီးဝလံပဲဖြစ်ဖြစ်၊ လယ်ယာထွက်ကုန်ပဲဖြစ်ဖြစ် စင်တာတွေပေါ်လာတာက ရောင်းတဲ့သူရော ဝယ်တဲ့သူပါ အဆင်ပြေကြောင်း စီးပွားရေးလေ့လာသူ ဒေါက်တာစိုးထွန်းကပြောဆိုသည်။

လက်ရှိတွင် မြန်မာ့လယ်ယာထွက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းများကို နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရာတွင် ယင်းကုန်ပစ္စည်းများအား တရုတ်ဘက်မှ ဝယ်ယူခြင်းရှိမရှိကို အတိအကျမသိရှိဘဲ တင်ပို့နေရ၍ ကုန်သိုလှောင်ရန် အခက်အခဲများကြောင့် တောင်သူများဆုံးရှုံးနစ်နာမှုများမဖြစ်စေရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။

နယ်စပ်ကုန်သွယ်ရေးနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ အဓိကထားဆွေးနွေးနေပါတယ်။ ထိုင်းနိုင်ငံနဲ့ တရုတ်ပြည်ဘက်ကို နယ်စပ်ကနေ ကုန်စည်တွေ စီးဆင်းနေတာဖြစ်ပါတယ်။ ဒီစီးဆင်းနေတဲ့ကိစ္စကို နယ်စပ်မှာပဲ ကုန်ရောင်းကုန်ဝယ်လုပ်တာမဟုတ်ဘဲ ရန်ကုန်ဈေးကွက်မှာပဲ အရောင်းအဝယ်ပြု လုပ်နိုင်ဖို့၊ ဈေးကွက်ထူထောင်နိုင်ဖို့ ကြိုးစားနေပါတယ်။ ဒီမှာအရောင်းအဝယ်လုပ်ပြီးမှ သယ်သွားတဲ့စနစ်ကို လုပ်နိုင်ဖို့ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောဆိုထားသည်။ သီးနှံများကို ဈေးနှုန်းချိန်ညှိ၍ ရောင်းချနိုင်စေရေးအတွက် သီးနှံသိုလှောင်ရန် အချက်အချာဖြစ်သော မန္တလေးမြို့တွင် သီးနှံသိုလှောင်ရုံတစ်ရုံကို စီစဉ်ဆောင်ရွက်ပေးရန်လည်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က နိုင်ငံတော်သို့ တင်ပြတောင်းဆိုထားကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှသိရသည်။

မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီကုန်သွယ်ရေးဝင်ပေါက်၌ ရောင်းချလျက်ရှိသည့် သစ်သီးဝလံဈေးကွက်သို့ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်းမှ ဈေးကွက်စစ်တမ်း ကောက်ယူထားချက်အရ ဖရဲ၊ သခွားမွှေးဈေးနှုန်းမှာ ရက်သတ္တပတ်အတွင်း အရှုံးအမြတ် ၃၉ ရာခိုင်နှုန်း ကွာခြားမှုရှိနေသည်ကိုတွေ့ရှိရကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/121097.html

## ထိုင်းရဲ့ နယ်စပ်ကုန်သွယ်မှု ဆက်လက်တိုးတက်နေပြီး မလေးရှားက အကြီးဆုံးကုန်သွယ်ဘက် ပါတနာဖြစ်နေ

ထိုင်းနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်မှုကတော့ ပြီးခဲ့တဲ့ ဇန်နဝါရီလမှာ တစ်နှစ်ထက်တစ်နှစ် ၁ ဒသမ ၈၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး မလေးရှားက ယင်းရဲ့အကြီးဆုံး ကုန်သွယ်ဘက်ပါ့တနာ ဆက်ဖြစ်နေဆဲလို့ သိရပါတယ်။ ဇန်နဝါရီလတုန်းက နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုအားလုံးကနေ ဘတ်ငွေ ၁၁၉ ဒသမ ၅ ဘီလီယံထိ ရရှိခဲ့ကြောင်း ထိုင်းရဲ့နိုင်ငံခြားကုန်သွယ်မှုဌာန ညွှန်ကြားရေးမှူးချုပ် Adul Chotinisakorn က ပြောပါတယ်။

အိမ်နီးချင်းနိုင်ငံ လေးနိုင်ငံစလုံးနဲ့အကြား ထိုင်းရဲ့နယ်စပ်ကုန်သွယ်မှုကတော့ ဇန်နဝါရီမှာ ၀ ဒသမ ၉၁ ရာခိုင်နှုန်းကျသွားပြီး ဘတ်ငွေ ၉၅ ဒသမ ၁ ဘီလီယံရှိကြောင်းသိရပါတယ်။ အဆိုပါ အိမ်နီးချင်းနိုင်ငံတွေနဲ့အကြား နယ်စပ်ကုန်သွယ်မှုမှာ တော့ ပို့ကုန်ပိုင်းမှာ ၃ ဒသမ ၅၀ ရာခိုင်နှုန်း ကျသွားပြီး သွင်းကုန်ပိုင်းမှာတော့ ၂ ဒသမ ၅၂ ရာခိုင်နှုန်း တက်လာတယ်လို့ ဆိုပါတယ်။မလေးရှားကတော့ ထိုင်းတို့အတွက် အကြီးဆုံးသော နယ်စပ်ကုန်သွယ်ဘက် ပါတနာဖြစ်နေပြီး အပြန်အလှန် နယ်စပ်ကုန်သွယ်မှုတန်ဖိုး ဘတ်ငွေ ၄၇ ဒသမ ၇ ဘီလီယံရှိတယ်လို့သိရပါတယ်။ ယင်းရဲ့နောက်မှာတော့ လာအိုက ဘတ်ငွေ ၁၇ ဒသမ ၁ ဘီလီယံ ၊ မြန်မာက ၁၅ ဒသမ ၈ ဘီလီယံနဲ့ ကမ္ဘောဒီးယားက ၁၄ ဒသမ ၄ ဘီလီယံနဲ့ အသီးသီး ရှိနေတယ်လို့ဆိုပါတယ်။


**Source:** https://www.bangkokpost.com/.../january-border-trade-increase...

SFJ Strategy First Journa

# ပြည်ပဆန်တင်ပို့မှု လျော့ကျမည်

ပြည်တွင်းတွင် ဆန်ဟောင်းလက်ကျန်များ ကျန်နေသောအချိန်၊ နွေစပါးစိုက်ပျိုးမှုမှ ဆန်သစ်များ ထွက်လာမည့်အချိန်နှင့် ပြည်ပသို့ဆန်တင်ပို့ရောင်းချရမှု လျော့နည်းလာသည့်အချိန်တို့ တိုက်ဆိုင်လာသည့်အခါ ပြည်တွင်းဆန်လုပ်ငန်းရှင်များတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာနေပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်တန်ချိန် သုံးသန်းကျော် စံချိန်တင်တင်ပို့နိုင်ခဲ့ရာ ယခုနှစ်တွင်လည်း ပြည်ပဆန်တင်ပို့မှု အရှိန်မြင့်လာနိုင်မည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က မျှော်မှန်းထားခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် ကမ္ဘာ့ဆန်ဝယ်လိုအား ကျဆင်းနေခြင်းကြောင့် ဆန်လက်ကျန်များ ပြည်တွင်း၌ကျန်ရှိနေသည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။

ဒီနှစ်အတွက် ဆန်တင်ပို့ဖို့ မျှော်မှန်းထားတဲ့ပမာဏကိုတော့ ပြည့်မီဖို့မလွယ်ကူတော့ပါဘူး။ ကမ္ဘာ့ဝယ်လိုအား ကျဆင်းနေပါတယ်။ မနှစ်က စံချိန်တင်ခဲ့တဲ့ ပြည်ပဆန်တင်ပို့မှုပမာဏကို မီဖို့တောင်ခဲယဉ်းကြောင်း ၎င်းက ပြောသည်။ ထို့ပြင် မြန်မာ့ဆန်များကို အဓိကတင်ပို့နေရသည့် တရုတ်နိုင်ငံကလည်း ၎င်းတို့ ပြည်တွင်းသို့ ဝင်ရောက်လာသည့် ဆန်အပါအဝင် ကုန်ပစ္စည်းများကို ဖမ်းဆီးမှုများပြားနေရာ တရုတ်နိုင်ငံသို့ ဆန်ရောင်းချရသည့် ပမာဏသည်လည်း များစွာလျော့ကျနေသည်ဟု ဆန်ကုန်သည်များကဆိုသည်။ အရင်က ရန်ကုန်ကို ဆန်တင်ပို့ရောင်းချရတာက တစ်ရက်ကို ကားလေးစီးငါးစီးလောက်ရှိတယ်။ အခုက တစ်ရက်တစ်စီးပဲ။ အချို့ရက်တွေမှာ မထွက်ရတာတွေတောင်ရှိကြောင်း ပဲခူးတိုင်းဒေသခံ ဆန်စပါးကုန်သည်တစ်ဦးကပြောသည်။




ပြီးခဲ့သည့်လနှောင်းပိုင်းက မြန်မာ-တရုတ် စီးပွားရေးစကြံ်ဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ရန် မြန်မာအစိုးရ တာဝန်ရှိသူများ တရုတ်နိုင်ငံ ကူမင်းမြို့သို့ သွားရောက်ခဲ့သည်။ ယင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ ရောင်းချခွင့် ကိုတာခွဲတမ်းကို ဆန်တန်ချိန် လေးသိန်းပေးရန် တောင်းဆိုခဲ့သည်။ အစည်းအဝေးသို့ တက်ရောက်လာသည့် တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာကဏ္ဍကို အဓိကတာဝန်ယူထားသည့် National Development and Reform Commission of China (NDRC) သို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် အစိုးရချင်း သဘောတူညီမှုဖြင့် မြန်မာနိုင်ငံမှ ဆန်တန်ချိန် လေးသိန်းဝယ်ယူရန် စာချုပ်မူကြမ်းကို တရုတ်နိုင်ငံက ပေးပို့ထားသည်။ ယင်းစာချုပ်မူကြမ်းပါ အချက်အလက်များကိုမူ မသိရှိရသေးဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အသင်းဝင်များကပြောသည်။

ကိုတာနဲ့ ဆန်တင်ပို့ရောင်းချရာမှာ အခွန်နှုန်းထားကို သက်သာစွာ ချပေးစေချင်ပါတယ်။ တရုတ်နိုင်ငံက သူတို့ တောင်သူလယ်သမားအကျိုးစီးပွားကို ကာကွယ်တဲ့အနေနဲ့ ဆန်တင်ပို့ရောင်းချမှုအပေါ် ၆၀ ရာခိုင်နှုန်း အခွန် ကောက်ပါတယ်။ ကျွန်တော်တို့ကတော့ အခွန်နှုန်းထား ၁၇ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းလောက်အထိ ဖြစ်စေချင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးချမ်းသာဦးကပြောသည်။ ထို့ပြင် တရုတ်နိုင်ငံဘက်က သွင်းကုန်ထုတ်ကုန် လိုင်စင်တရားဝင်ရှိသောကုမ္ပဏီများ မြန်မာနိုင်ငံမှ ဆန်ဝယ်ယူခွင့်ကို ခွဲတမ်းအချိုးဖြင့် လွတ်လပ်စွာ ဝယ်ယူခွင့်ပြုစေချင်သည်ဟု ၎င်းကဆိုသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံဘက်မှ

၎င်းတို့နိုင်ငံသို့ ဆန်တင်ပို့ရောင်းချခွင့် ကိုတာခွဲတမ်းကို ၂၀၁၆ ခုနှစ်တွင် ဆန်တန်ချိန်ပမာဏ တစ်သိန်း ပေးခဲ့ပြီးနောက်ပိုင်း ဆန်ရောင်းချခွင့်ကိုတာ ပမာဏများများပေးမှု မရှိသေးဟု ဦးချမ်းသာဦးကဆိုသည်။
လက်ရှိတွင် ပြည်တွင်းဆန်လက်ကျန်များရှိနေသည့်အတွက် စပါးစိုက်ရာသီကာလအတွင်း တောင်သူများသို့ ဈေးကွက်အခြေအနေ သတင်းပေးမှုများရှိသော်လည်း စိုက်ပျိုးမည့်သီးနှံရွေးချယ်မှုသည် တောင်သူများ၏ ဆုံးဖြတ်ချက်ပေါ်တွင်သာမူတည်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းကပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ၂၀၂၀-၂၁ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန်လေးသန်းအထိ ပြည်ပတင်ပို့နိုင်ရန်နှင့် ပြည်ပဆန်တင်ပို့မှုမှ ကန်ဒေါ်လာ သန်း၁၅၀၀ ရရှိရန်မျှော်မှန်းထားသည်။ ယခုဘဏ္ဍာနှစ်တွင်မူ ဆန်တန်ချိန် ၂ ဒသမ ၅ သန်းဝန်းကျင် မှန်းထားသော်လည်း မဖြစ်နိုင်တော့ဟု ဦးချမ်းသာဦးကပြောသည်။ မြန်မာ့ဆန်စပါးဈေးကွက်သည် ထုတ်လုပ်မှုတန်ဖိုးအရ ကျပ်ဘီလျံ ၆၀၀၀ ခန့် နှစ်စဉ်ရှိပြီး ပြည်တွင်းရောင်းချရမှု ကျပ်ဘီလျံ ၅၀၀၀ ခန့်ရှိကာ ပြည်ပတင်ပို့မှုသည် ကျပ်ဘီလျံ ၉၀၀ ခန့်ရှိသည်။ ဆန်တန်ချိန် ၁၃ သန်းမှ ၁၄ သန်းကြား နှစ်စဉ် ထွက်ရှိပြီး ပြည်တွင်းစားသုံးမှုသည် ၁၀ သန်းခန့်ရှိကာ ပြည်ပသို့ ဆန်တန်ချိန်သုံးသန်းခန့် တင်ပို့ ရောင်းချနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနစာရင်းများအရ လယ်ယာကဏ္ဍသို့ ဝင်ရောက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံသို့ဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၀ ဒသမ ၅ ရာခိုင်နှုန်းသာရှိနေသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ ပြီးခဲ့သည့် ၂၀၁၇•၁၈ ဘဏ္ဍာနှစ် လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုတန်ဖိုးသည် စုစုပေါင်းပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး၏ ၂၀ ဒသမ ၈ ရာခိုင်နှုန်းသာရှိသည်။ ယင်းပမာဏသည် နှစ်အလိုက်လျော့ကြလာသောပမာဏဖြစ်ပြီး ၂၀၁၁•၁၂ ဘဏ္ဍာနှစ်တွင် လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုတန်ဖိုးသည် စုစုပေါင်း ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး၏ ၂၉ ဒသမ ၉ ရာခိုင်နှုန်းအထိရှိခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/121133.html

## STOCK EXCHANGE (7.3.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 7th Mar. 2019


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +200 | +2.35% | 8,700 | 8,700 | 8,700 | 163 | 1,418,100 | 27,112,747 | 235,881 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 2,251 | 6,518,900 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 0 | 0 | 2,472,053 | 53,149 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 121 | 320,650 | 12,212,906 | 32,364 |

# Market Overview

As of 1:00 pm, 7th Mar. 2019

| MYANPIX | 371.53 ▲ 2.54 |
|---|---|
| Total Volume (shares) | 2,535 |
| Total Value (MMK) | 8 mil |
| Listed Company | 5 |
| Market Cap. (MMK) | 507,229 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 200 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.53 | +2.54 | +0.69% | 368.99 | 371.53 | 368.99 | 2,535 | 8,257,650 | 5 | 507,229 |

**Index chart**



TIR